ရောင်ခြည်ဦးကျေးရွာ

သာယာမြိုင်ကျေးရွာအုပ်စု

တောင်သာမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၃ - ၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ရောင်ခြည်ဦးကျေးရွာ ၊ တောင်သာမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး

ဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ် ၊ ဖေဖော်ဝါရီ လ

# မာတိကာ


| | | | |
|---|---|---|---|
| စကားချီး | | | ၃ |
| ရောင်ခြည်ဦးကျေးရွာ၊ ကျေးရွာသယံဇာတပြမြေပုံ၊တောင်သာမြို့နယ် | | | ၄ |
| ၁။ | တည်နေရာနှင့်ပထဝီအနေအထား | | ၅ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | | ၅ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | | ၅-၆ |
| ၄။ | စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | | ၇ |
| | (က) | သီးနှံစိုက်ပျိုးရေး | ၇ |
| | (ခ) | မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) | စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၇ |
| | (ဃ) | ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၇- ၈ |
| ၅။ | အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ | | ၈ |
| | (က) | သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) | ကျေးရွာမီးလင်းရေး | ၈ |
| | (ဂ) | သတင်းနှင့်ဆက်သွယ်ရေး | ၈ |
| ၆။ | ပညာရေး | | ၈ |
| ၇။ | ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | | ၉ |
| ၈။ | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | | ၉ |
| ၉။ | ကျား-မ ရေးရာကိစ္စရပ်များ | | ၁၀ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ | | ၁၁ |
| နောက်ဆက်တွဲ | | | |
| | နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | | ၁၂ |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | | ၁၃-၅၉ |
| | နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြုဇယား | | ၆၀-၆၁ |
| | နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | | ၆၂-၆၃ |
| | နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) | | ၆၄-၆၅ |
| | နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) | | ၆၆-၆၇ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂-၂၀၂၄ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ ပထမဦးဆုံးသောလူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင် ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများ၊ လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် ဦးစားပေးလုပ်ငန်းအစီအစဉ်တို့ပါဝင်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ရောင်ခြည်ဦးကျေးရွာ ၊ တောင်သာမြို့နယ်

၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီ လ

## ၁. တောင်သာမြို့နယ်သာယာမြိုင်အုပ်စုရောင်ခြည်ဦးကျေးရွာ၏သယံဇာတပြမြေပုံ



## ၁။ တည်နေရာနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ရောင်ခြည်ဦးကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး တောင်သာမြို့၏ အနောက်တောင်ဘက်(၁၂)မိုင်ခန့်တွင် တည်ရှိပါသည်။ကျေးရွာ၏ အရှေ့ဘက်တွင် ကျောက်ပုံကျေးရွာ၊ အနောက်ဘက်တွင် ဒဟတ်တန်ကျေးရွာ၊ မြောက်ဘက်တွင် မကျီးပင်စုကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက် ရှိပါသည်။ ရောင်ခြည်ဦးကျေးရွာ၏အကျယ်အဝန်းမှာ(၃၅)ကေခန့်ကျယ်ဝန်းပြီး အနီးဆုံးမြို့မှာတောင်သာမြို့ဖြစ်ပါသည်။ ရောင်ခြည်ဦးကျေးရွာသည် တောင်သာ-ကျောက်ပန်းတောင်း လမ်းမကြီး၏ အနောက်ဘက်တွင် တည်ရှိပါသည်။ရောင်ခြည်ဦးကျေးရွာသည်တောင်သာမြို့မှရှောက်ပင်ကျေးရွာထိ (၈)မိုင်ခန့်မှာ ကတ္တရာလမ်ဖြစ်ပြီး ရှောက်ပင်ကျေးရွာမှ ရောင်ခြည်ဦးကျေးရွာအထိ(၄)ဖာလုံမှာ မြေသားလမ်း ဖြစ်ပြီး မိုးရာသီတွင် သွားလာမှုအခက်အခဲရှိပြီး ကျန်ရာသီများတွင် သွားလာမှုလွယ်ကူပါသည်။ ရောင်ခြည်ဦးကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သောကျေးရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိ ယာမြေများမှာမြေဆီမြေသြဇာ သင့်တင့်ကောင်းမွန်သော ယာမြေများ ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ရောင်ခြည်ဦးကျေးရွာ၏ ရာသီဥတုအနေအထားမှာ သာမန်အားဖြင့်နွေရာသီတွင် အပူချိန် ၄၁ံC ရှိ တက်ပါသည်။ယခုနှစ်မိုးရာသီတွင်မိုးရွာသွန်းမှုအသင့်အတင့်ရှိပါသည်။ စိုက်ပျိုးရေး အတွက် မိုးရွာသွန်းမှုနှင့်အဝီစိစက်ရေတွင်းမှရေကိုမှီခို၍ စိုက်ပျိုးကြသည်။ မိုးရွာသွန်းမှု သင့်တင့်သောကြောင့် သီးနှံအထွက်နှုန်းမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ယာမြေ၊တောင်ယာမြေ နှင့် ဥယျာဉ်ခြံမြေ စုစုပေါင်းဧက (၂၃၀)ဧက ရှိပါသည်။မိုးရာသီတွင် အဓိကစိုက်ပျိုး သီးနှံများမှာ နှမ်း၊ မြေပဲ၊ပဲစင်ငုံနှင့်ပြောင်းများဖြစ်ပါသည်။ရောင်ခြည်ဦးကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက်များ မထွက်ရှိပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် နှမ်း၊ မြေပဲ၊ ပဲစင်ငုံနှင့် ပြောင်းကိုအဓိကစိုက်ပျိုးကြသည်။ သီးနှံများမှာ မိုးရွာသွန်းမှုနှင့်အဝီစိစက်ရေတွင်းအပေါ်မှီခို၍ စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြသည်။ကျေးရွာတွင် မွေးမြူရေးကဏ္ဍအနေဖြင့် လယ်ယာ လုပ်ငန်းတွင် အသုံးပြုရန်အတွက် နွားကို အဓိကထားမွေးမြူကြသည်။တစ်ပိုင်တစ်နိုင်စီးပွားရေး အနေဖြင့် နွား၊ ဆိတ်၊ သိုး၊ ဝက် နှင့် ကြက်မျိုးစိတ်များကို မွေးမြူကြပါသည်။ ကျေးရွာတွင်

အလုပ်လုပ်နိုင်သော လူဦးရေအများအပြားရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သော လက်သမား၊ ပန်းရံလုပ်ငန်းလုပ်ကိုင်သူများ၊ တိရစ္ဆာန်မွေးမြူသူများ၊ ပညာရေးဝန်ထမ်းများနှင့် ပြည်ပသို့ သွားရောက် လုပ်ကိုင်သူများ ရှိပါသည်။ကျေးရွာတွင်အလယ်တန်းကျောင်းရှိပါသည်။ မူလတန်းကျောင်းတက်နှုန်းလည်းမြင့်မားပါသည်။ကျေးရွာတွင် အလယ်တန်းကျောင်းဖြစ်သဖြင့် မူလတန်း၊ အလယ်တန်းပညာကို ကျေးရွာတွင်သာ သင်ကြားနိုင်ပြီး အထက်တန်းပညာကို ကျေးရွာနှင့်(၅)ဖာလုံဝေးသော ကျောက်ကာကျေးရွာသို့ သွားရောက်သင်ကြားရပါသည်။ ရောင်ခြည်ဦးကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသောကြောင့် ကျေးရွာနှင့်(၁)မိုင်ခန့် ဝေးသော တိုက်နယ်ဆေးရုံဝဲလောင်ကျေးရွာသို့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို သွားရောက်ကုသကြပြီး အရေးပေါ်နှင့်ရောဂါကြီးများကို တောင်သာမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ကျေးရွာတွင်အများပိုင် အဝီစိစက်တပ်ရေတွင်း (၁)တွင်းနှင့် ကိုယ်ပိုင် အဝီစိစက်တပ်ရေတွင်း(၇၀)တွင်းရှိပါသည်။စက်ရေတွင်း စုစုပေါင်း(၇၁)တွင်းရှိသည်ပြီး စက်ရေ တွင်းများမှာ ရေချိုဖြစ်သဖြင့် သောက်ရေ/သုံးရေအဖြစ်အသုံးပြုနိုင်ပါသည်။ကိုယ်ပိုင်စက်ရေတွင်း မရှိသည့် အိမ်ထောင်စုများမှာ အများပိုင်စက်ရေတွင်းနှင့် ကိုယ်ပိုင်စက်ရေတွင်းများဖြင့် မျှတ၍ သုံးစွဲကြပါသည်။ရေအရည်အသွေး စစ်ဆေးခြင်းကိုမူ စစ်ဆေးရခြင်း မရှိသေးပါ။ကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲမှုအနေဖြင့် အိမ်ထောင်စု(၁၁၇)စုနှင့်အိမ်သာမရှိသောအိမ်ထောင်စု(၄)စုရှိပြီး ကျန်းမာရေး အသိပညာရှိပါသည်။ ရောင်ခြည်ဦးကျေးရွာသည် တောင်သာ-ကျောက်ပန်းတောင်း လမ်းမကြီး၏ အနောက်ဘက်တွင် တည်ရှိပါသည်။ရောင်ခြည်ဦးကျေးရွာသည် တောင်သာမြို့မှ ရှောက်ပင်ကျေးရွာထိ (၁၁)မိုင်ခန့်မှာ ကတ္တရာလမ်ဖြစ်ပြီး ရှောက်ပင်ကျေးရွာမှ ရောင်ခြည်ဦး ကျေးရွာအထိ(၆)ဖာလုံမှာမြေသားလမ်းဖြစ်ပြီးမိုးရာသီတွင်သွားလာမှု အခက်အခဲရှိပြီး ကျန်ရာသီ များတွင် သွားလာမှုလွယ်ကူပါသည်။ ရောင်ခြည်ဦးကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်သောကျေးရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိ ယာမြေများမှာမြေဆီမြေသြဇာ သင့်တင့် ကောင်းမွန်သောယာမြေများ ဖြစ်ပါသည်။ကျေရွာတွင်ဘာသာရေးကိုအခြေခံ၍ဖွဲ့စည်းထားသော ဓမ္မာစကြာအဖွဲ့(၁)ဖွဲ့နှင့် လူမှုရေးကိုအခြေခံ၍ ဖွဲ့စည်းထားသောအဖွဲ့(၁)ဖွဲ့ စုစုပေါင်းအဖွဲ့အစည်း (၂)ဖွဲ့ ရှိပါသည်။ ကျေးရွာ၏ သာရေး၊ နာရေး၊ဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာမှ လူထုနှင့် ပရိဟိတအဖွဲ့ အားလုံးစုပေါင်း၍ဆောင်ရွက်ကြပါသည်။ကျေးရွာမှာ အဖွဲ့အစည်းဆိုင်ရာ သဘော တရားတို့နှင့် ပတ်သက်၍ ကောင်းမွန်မှုရှိကြသည်။ရောင်ခြည်ဦးကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုတွင် အုပ်ချုပ်ရေးမှူး၊ ရွာခွဲတာဝန်ခံနှင့်ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများနှင့် ပူးပေါင်းညှိနှိုင်း၍ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စီမံဆောင်ရွက်စေခြင်း၊ပညာရေး ဆိုင်ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော်ဆောင်ကော်မတီများ ဖွဲ့စည်း၍ စီမံ

ဆောင်ရွက်စေခြင်း၊ သာရေးနာရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများ ထိန်းသိမ်းခြင်း၊ကျေးရွာရန်ပုံငွေရှာဖွေခြင်းများလုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ လူငယ်အဖွဲ့များ ၊အမျိုးသမီးအဖွဲ့များမှ စီမံခန့်ခွဲဆောင်ရွက်စေခြင်းစသောဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းအလိုက် တာဝန် ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) **သီးနှံစိုက်ပျိုးရေး။** ။ကျေးရွာတွင်နှမ်း၊မြေပဲ၊ကြက်သွန်၊ပဲစင်းငုံနှင့်ပြောင်းကိုအဓိက စိုက်ပျိုးကြသည်။ သီးနှံများမှာမိုးရွာသွန်းမှုနှင့်အဝီစိစက်ရေတွင်းအပေါ် မှီခို၍ စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြသည်။ယခုနှစ်တွင် စိုက်ပျိုးမြေ အရည်အသွေး သင့်တင့်ကောင်းမွန်သောကြောင့် မိုးရွာသွန်းမှု အသင့်အတင့် ကောင်းမွန်သောကြောင့် သီးနှံအထွက်နှုန်းမှာလည်း အသင့်အတင့် ကောင်းမွန်ပါသည်။လယ်ယာလုပ်ငန်းကို အဓိကထားစိုက်ပျိုးသည့် ကျေးရွာဖြစ်သည့်အတွက် စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးရန် စိုက်ပျိုးရေး နည်းပညာ သင်တန်းများဖွင့်လှစ်ပေးရန်လိုအပ်သည်။

(ခ) **မွေးမြူရေးလုပ်ငန်း။** ။ကျေးရွာတွင် မွေးမြူရေးကဏ္ဍအနေဖြင့်လယ်ယာလုပ်ငန်းတွင်အသုံးပြုရန်အတွက်နွားကိုအဓိကထားမွေးမြူကြသည်။ ကျေးရွာတွင် တစ်ပိုင်တစ်နိုင်မွေးမြူရေးကဏ္ဍအနေဖြင့် တစ်ချို့အိမ်ထောင်စုများမှာ သိုး၊ ဆိတ်၊ ဝက်နှင့်ကြက်များကို မွေးမြူကြပါသည်။ကျေးရွာတွင် တစ်ပိုင်တစ်နိုင်မွေးမြူရေး ကဏ္ဍအနေဖြင့် စီးပွားဖြစ်မွေးမြူနိုင်ပါက စီးပွားရေးပိုမိုအဆင်ပြေလာနိုင်ပါသည်။ တိရစ္ဆာန်များမှာ ရာသီအလိုက်ဖြစ်တက်သော ရောဂါများကြောင့်လည်း သေဆုံးမှုများ ရှိတက်ပါသည်။သို့ဖြစ်ပါ၍တိရစ္ဆာန်ကာကွယ်ဆေးပုံမှန်ထိုးပေးရန် လိုအပ်ပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ။** ။စိုက်ပျိုးမွေးမြူရေး မရှိသောသူအများစုမှာ ပညာရေးဝန်ထမ်း၊ တိစ္ဆာန်မွေးမြူးခြင်း ၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်ခြင်း၊တောင်သူနေ့စား၊ ဈေးရောင်းနှင့် ပန်းရံလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော်လည်း

ကျွမ်းကျင်မှုအားနည်းကြသည်။လျှပ်စစ်မီးရရှိသော်လည်းအသက်မွေးဝမ်းကြောင်း နည်းပညာဝန်ဆောင်မှုများမရှိခြင်း၊ အသက်မွေးဝမ်းကြောင်းပြုသော ပညာကို ကျွမ်းကျင်စွာတတ်မြောက်မှုမရှိခြင်းကြောင့် အသက်မွေးဝမ်းကြောင်းသင်တန်း များ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု။** ။ရောင်ခြည်ဦးကျေးရွာရှိ တောင်သူ အချို့မှာ သမမှုချေးငွေ ရရှိကြသည်။စိုက်စရိတ်ချေးငွေအတွက်ပြင်ပအဖွဲ့အစည်း များမှာ လာရောက်ထုတ်ချေးပေးခြင်းမရှိပဲ သီးနှံများစိုက်ပျိုးခြင်းနှင့် မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးဝန်ဆောင်မှုများရရှိရန် အခက်အခဲများ ရှိသည်။

**အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(က) **ကျေးလက်သယ်ယူပို့ဆောင်ရေး။** ။ရောင်ခြည်ဦးကျေးရွာတွင် သယ်ယူပို့ဆောင် ရေးအတွက် မော်တော်ဆိုင်ကယ်နှင့် ကားများကိုအသုံးပြုကြပြီး လယ်တော ထုတ်ကုန်များကိုမူ နွားလှည်း၊ ထွန်းစက်များဖြင့် တောင်သာ-ကျောက်ပန်းတောင်း လမ်းမကြီး၏ အနောက်ဘက်တွင် တည်ရှိပါသည်။ ရောင်ခြည်ဦးကျေးရွာသည် တောင်သာမြို့မှရောက်ပင်ကျေးရွာထိ(၁၁)မိုင်ခန့်မှာကတ္တရာလမ်ဖြစ်ပြီးရောက်ပင် ကျေးရွာမှ ရောင်ခြည်ဦးကျေးရွာ အထိ(၆)ဖာလုံမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီ တွင် သွားလာမှုအခက်အခဲရှိပြီး ကျန်ရာသီများတွင် သွားလာမှုလွယ်ကူပါသည်။

(ခ) **ကျေးရွာမီးလင်းရေး။** ။ရောင်ခြည်ဦးကျေးရွာသည် လျှပ်စစ်မီးအသုံးပြုနိုင်ပါ သည်။အိမ်ထောင်စု(၁၂၁)စုရှိပြီး ကျေးရွာ၏အိမ်ထောင်စု(၅၅)စုမှာမဟာဓာတ်အား လိုင်းမှ လျှပ်စစ်မီးကိုအသုံးပြုခြင်း၊အိမ်ထောင်စု(၆၆)စုမှာ ဆိုလာစနစ်ကိုအသုံးပြု ခြင်းဖြင့် မီးလင်းရေးကိုသုံးစွဲလျှက်ရှိပါသည်။ လျှပ်စစ်မီးမသုံးစွဲနိုင်သော အိမ်ထောင်စု များမှာ မီးလင်းရေးအတွက်ကုန်ကျမည့်ငွေအား ကျခံနိုင်ခြင်းမရှိခြင်းကြောင့် မဟာဓာတ်အားလိုင်းမှ မီးလင်းရေးကိုသုံးစွဲရန်အခက်အခဲများရှိပါသည်။

(ဂ) **သတင်းနှင့်ဆက်သွယ်ရေး။** ။ရောင်ခြည်ဦးကျေးရွာတွင်ဖုန်းတိုင်များကျေးရွာအနီးတွင် ရှိသောကြောင့် ဆက်သွယ်ရေးဆိုင်ရာ ကောင်းမွန်ပါသည်။လျှပ်စစ်မီးရရှိသောကြောင့် TV၊စလောင်းမှ ဗဟုသုတ အစီအစဉ်များလည်း ကြည့်ရှုနိုင်ကြသည်။

**၆။ ပညာရေး**

ရောင်ခြည်ဦးကျေးရွာတွင် အလယ်တန်းကျောင်းဖြစ်သဖြင့် မူလတန်း၊ အလယ်တန်းပညာကိုကျေးရွာတွင်သင်ကြားနိုင်ပြီးအထက်တန်းပညာကိုကျေးရွာနှင့်(၅)ဖာလုံဝေးသောကျောက်ကာကျေးရွာသို့သွားရောက်သင်ကြားရပါသည်။အုတ်နံရံ သွပ်မိုးကျောင်းဆောင်(၂)ဆောင်တွင် ပညာသင်ကြားလျက်ရှိပါသည်။ကျောင်းသုံးပရိဘောဂနှင့်စာရေးကိရိယာများမလုံလောက်ပါ။မသန်းစွမ်သူများအတွက် အထူးအစီအစဉ်မရှိပါ။မူလတန်းကျောင်းတက်နှုန်း မြင့်မားပါသည်။ အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုယ်သို့ တက်ရောက်နိုင်ရန်အတွက် ငွေကြေး အခက်အခဲများကြောင့် တက်ရောက်နိုင်သူ နည်းပါးပါသည်။

**၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ရောင်ခြည်ဦးကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိသောကြောင့် ကျေးရွာနှင့်(၁)မိုင်ခန့်ဝေးသော တိုက်နယ်ဆေးရုံဝဲလောင်ကျေးရွာသို့ အခြေခံကျန်းမားရေစောင့်ရှောက်မှုများကိုသွားရောက်ကုသကြပြီး အရေးပေါ်နှင့်ရောဂါကြီးများကို တောင်သာမြို့ ပြည်သူ့ဆေးရုံကြီးသို့သွားရောက်ကုသကြပါသည်။ကျေးရွာတွင်အများပိုင် အဝီစိစက်တပ်ရေတွင်း (၁)တွင်းနှင့် ကိုယ်ပိုင်အဝီစိစက်တပ်ရေတွင်း(၇၀)တွင်းရှိပါသည်။စက်ရေတွင်း စုစုပေါင်း(၇၁)တွင်းရှိသည်ပြီး စက်ရေတွင်းများမှာ ရေချိုဖြစ်သဖြင့် သောက်ရေ/သုံးရေအဖြစ်အသုံးပြုနိုင်ပါသည်။ကိုယ်ပိုင်စက်ရေတွင်းမရှိသည့် အိမ်ထောင်စုများမှာ အများပိုင်စက်ရေတွင်းနှင့် ကိုယ်ပိုင်စက်ရေတွင်းများဖြင့် မျှတ၍သုံးစွဲကြပါသည်။ရေအရည်အသွေး စစ်ဆေးခြင်းကိုမူ စစ်ဆေးရခြင်း မရှိသေးပါ။ကျေးရွာတွင်ယင်လုံအိမ်သာ သုံးစွဲမှုအနေဖြင့် အိမ်ထောင်စု(၁၁၇)စုနှင့်အိမ်သာမရှိသောအိမ်ထောင်စု(၄)စုရှိပြီးကျန်းမာရေး အသိပညာရှိပါသည်။

**၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ရောင်ခြည်ဦးကျေးရွာရှိစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်ခြင်းကြောင့်ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာများသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။တောင်သူများနေအဖြင့်ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစားဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု

များပြားသည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်းပလပ်စတစ်အိတ်၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကျသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ကျေးရွာတွင် အပူချိန်မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုနှင့် ကြုံတွေ့ရပြီးလေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်းထန်စွာရွာသွန်းနိုင်ခြင်းတို့ကြောင့်လူနေအိမ်များပျက်စီးနိုင်ခြင်း၊စိုက်ပျိုးသီးနှံများဆုံးရှုံးနိုင်ခြင်း စသောဘေးအန္တရာယ်များလည်းဖြစ်ပေါ်လာနိုင်ပါသည်။သို့ပါ၍သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားသင့်ပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်များ

ရောင်ခြည်ဦးကျေးရွာတွင်ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာလွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်မူ ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားမှုမရှိ၍ ဆောင်ရွက်နိုင်မှုအားနည်းကြသည်။ ကျေးရွာတွင်ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။

ရောင်ခြည်ဦးကျေးရွာတွင် ဓမ္မာစကြာအဖွဲ့(၁)ဖွဲ့ရှိပြီးနှစ်စဉ်ဝါတွင်းကာလ လပြည့် ၊လကွယ်နေ့များတွင် သံဃာဆွမ်းလောင်းခြင်း၊ ဓမ္မာစကြာရွတ်ဖတ်ပူဇော်ခြင်း၊ပဌာန်းဒေသနာများရွတ်ဆို ပူဇော်ကြပါသည်။ သီးတင်းကျွတ်လတွင် ကျေးရွာဘုရားပွဲရှိ၍ ဆွမ်းလောင်းလှူကြသည်။ကျေးရွာရှိ ပညာရေး၊ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူရင်ဘောင်တန်း၍ ပူးပေါင်းဆောင်ရွက် ကြပါသည်။

စိုက်ပျိုးရေးတွင်လုပ်ကိုင်ကြသောအမျိုးသားများ၏ ပျှမ်းမျှတစ်ရက်အများဆုံးလုပ်အားခမှာ (၇၀၀၀ိ/-) ကျပ်နှင့် အမျိုးသမီးများအတွက်လုပ်အားခ(၅၀၀၀ိ/-)ရရှိပြီး အမျိုးသားများအတွက် အနည်းဆုံးလုပ်အားခ (၅၀၀၀ိ/-) နှင့်အမျိုးသမီးများအတွက် (၃၀၀၀ိ/-)ရရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင်ကျွမ်းကျင်သောလက်သမား၊ပန်းရံလုပ်သားများအတွက်လုပ်အားခ(၇၀၀၀ိ/-) ရရှိပြီးနောက်လိုက်လုပ်သားအတွက် လုပ်အားခ(၆၀၀၀ိ/-)နှင့် အမျိုးသမီးများအတွက်လုပ်အားခ (၆၀၀၀ိ/-)ရရှိပါသည်။နေ့တွက်လုပ်အားခများတွင်အမျိုးသားများကအမျိုးသမီးများထက်လုပ်အားခ ပိုမိုရရှိကြသည်။

## ၅. ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | စီမံချက်အမည် | ဦးစားပေး အဆင့် |
|---|---|---|
| ၁ | ကျေးရွာတွင်းကွန်ကရစ်လမ်းခြင်း | ၁ |
| ၂ | စက်ရေတွင်းတူးဖော်ခြင်း | ၂ |
| ၃ | စာသင်ကျောင်းဆောင်တည်ဆောက်ခြင်း | ၃ |
| ၄ | ကျေးရွာချင်းဆက်လမ်းခင်းခြင်း | ၄ |
| ၅ | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း | ၅ |

နောက်ဆက်တွဲ (၁)

## ရောင်ခြည်ဦးကျေးရွာ ၊သာယာမြိုင်ကျေးရွာအုပ်စုကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဇော်ဝမ်း | ဦးလိမ္မော် | ၉/တသန(နိုင်)၁၃၇၄၂၀ | ၄၁ | ဥက္ကဌ | ၀၉-၇၈၄၅၅၁၈၂၀ |
| ၂ | ဦးလှကြည် | ဦးမောင်မောင်စိုး | ၉/တသန(နိုင်)၂၃၈၄၆၄ | ၂၄ | ဝယ်ယူရေးဥက္ကဌ | ၀၉-၆၆၂၆၈၉၂၆၃ |
| ၃ | ဦးအောင်ကျော်ကျော် | ဦးတင် | ၉/တသန(နိုင်)၂၀၄၇၉၀ | ၂၅ | ဘဏ္ဍာရေးမှူး | ၀၉-၆၉၅၄၅၁၀၀၀ |
| ၄ | ဦးလှိုင်ကိုကို | ဦးအောင်ဌေး | ၉/တသန(နိုင်)၁၅၀၂၇၁ | ၃၅ | စာရင်းကိုင် | ၀၉-၂၅၃၆၉၈၆၂၉ |
| ၅ | ဦးချစ်ပြုံး | ဦးဇော်မင်း | ၉/တသန(နိုင်)၁၉၉၆၅၀ | ၂၇ | အဖွဲ့ဝင် | ၀၉-၆၈၇၄၄၈၉၉၁ |
| ၆ | ဒေါ်ပြုံး | ဦးဘသက် | ၉/တသန(နိုင်)၀၄၄၆၁၉ | ၅၈ | အဖွဲ့ဝင် | ၀၉-၆၈၇၇၁၇၃၄၀ |
| ၇ | ဒေါ်တင်မာစိုး | ဦးစိုးအောင် | ၉/တသန(နိုင်)၁၃၇၃၇၉ | ၃၅ | အဖွဲ့ဝင် | ၀၉-၄၂၂၂၃၁၇၈၆ |
| ၈ | ဒေါ်လွဲ့လွဲ့အောင် | ဦးမာန် | ၉/တသန(နိုင်)၂၀၄၈၈၃ | ၂၃ | အဖွဲ့ဝင် | ၀၉-၆၆၃၄၅၄၈၇၅ |
| ၉ | ဒေါ်တင်ဇာထွေး | ဦးဌေးဝင်း | ၉/တသန(နိုင်)၂၆၄၈၆၈ | ၂၃ | အဖွဲ့ဝင် | - |
| ၁၀ | ဒေါ်ခိုင်ခင်ဦး | ဦးသောင်းနိုင် | ၉/တသန(နိုင်)၁၇၇၀၉၁ | ၃၃ | အဖွဲ့ဝင် | - |
| ၁၁ | ဦးတင်မျိုးနိုင် | ဦးစန်းရွှေ | ၉/တသန(နိုင်)၁၉၉၆၅၆ | ၂၃ | အတွင်းရေးမှူး | ၀၉-၆၈၂၉၂၂၃၆၁ |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစု ပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၁ | ၂ | | |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၂၀ | ၁၆ | ၃၆ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၅ | ၁၆ | ၄၁ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၂ | ၂၇ | ၅၉ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၁၇ | ၂၄၄ | ၄၆၁ | | |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၇ | ၃၄ | ၅၁ | | |
| **စုစုပေါင်း** | | ၃၁၂ | ၃၃၈ | ၆၅၀ | | |
| **စုစုပေါင်း အိမ်ထောင်စု** | | ၁၂၁ | | | | |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက် (၁)နှစ်ပြည့်အရွယ်မှ (၅)နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက်(၅)နှစ်ပြည့်သည်မှအသက်(၁၀)နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက်(၁၀) နှစ်ပြည့်သည်မှ အသက်(၁၅)နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ် ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့် သည်မှ အသက်(၆၅)နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာ အသက်(၆၅)နှစ်ပြည့် အရွယ် နှင့်၎င်းထက်အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ရောင်ခြည်ဦးကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၂၁)စုရှိ၍ လူဦးရေမှာ ကျား(၃၁၂)ဦး နှင့်မ(၃၃၈)ဦး စုစုပေါင်း(၆၅၀)ဦးရှိပါသည်။ တစ်အိမ်ထောင်ပျှမ်းမျှလူဦးရေမှာ(၅.၄)ဦး ဖြစ်သဖြင့်နိုင်ငံတကာလူဦးရေနှင့်နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးမှုသင့်တင့်ပါသည်။တစ်နှစ်အောက်ကလေးငယ်မှာ (၀.၃%)၊၁နှစ်မှ၄နှစ်အထိ(၅.၅၃%)၊၅နှစ်မှ၉နှစ်အထိ(၆.၃%)၊၁၀နှစ်မှ၁၄နှစ်အထိ(၉.၀၇%)၊၁၅နှစ်မှ၆၄နှစ် အထိ(၇၀.၉၂%) နှင့် ၆၅နှစ်နှင့်အထက်(၇.၈%)ဖြစ်ပါသည်။၁၅နှစ် မှ ၆၄နှစ် အထိ အလုပ်လုပ်နိုင်သည့် အရွယ်ရာခိုင်နှုန်းမှာ (၇၀.၉၂%) ဖြစ်သဖြင့် ရောင်ခြည်ဦးကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများ ရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်တွင် ပြည်တွင်းပြည်ပသို့ သွားရောက် လုပ်ကိုင်နေသူ များလည်း ပါဝင်ပါသည်။

(ခ)အလုပ်လုပ်နိုင်သူအင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄၂ | ၈၅ | ၁၀ | ၄၆ | ၃၉ | ၆၇ | မြင့် ☑ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅၇ | ၁၁၄ | ၁၅ | ၅၈ | ၅၆ | ၄၉ | မြင့် ☑ လတ်☐နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၇ | ၃၂ | ၃ | ၁၈ | ၁၄ | | မြင့် ☐ လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် လတ်☐နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၆ | | ၅ | ၁ | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အစိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၁ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၂ | | ၁ | ၁ | | မြင့် ☐ လတ်☐နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့်ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | ၁ | | ၁ | မြင့် ☐ လတ်☐နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခု</u> <u>ကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| ၁၆ | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | **ပညာရေး** | | | | | | | |
| ၁၇ | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | **ကျန်းမာရေး** | | | | | | | |
| ၁၈ | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် မြင့် ☐<br>လတ်☐နိမ့် ☐ |
| | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| ၁၉ | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| ၂၀ | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ⊠ |
| | အလုပ်သမား /ကျပန်း/ရာသီ အလိုက် အလုပ်သမား | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | ဦးရေ | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ကျား | မ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | **စုစုပေါင်း** | ၁၂၁ | ၂၄၀ | ၂၈ | ၁၂၉ | ၁၁၁ | ၁၁၇ | ☒ |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**"အရေအတွက်တွင် " **မိသားစုဝင်လုပ်အား**" ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ " **ရပ်တည်နိုင်မှု(နိမ့်၊လတ် ၊ မြင့်)**" ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်း အဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု၊ဝင်ငွေစသည့် အခြေအနေကိုဆိုလိုပါသည်။ ဥပမာ –" **စိုက်ပျိုးရေးကဏ္ဍ** "၏ " **ကိုယ်ပိုင်လုပ်ငန်း** "တွင်ရပ်တည်နိုင်မှု" **မြင့်** " ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်း များနေသည် ဝင်ငွေကောင်းနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ရောင်ခြည်ဦးကျေးရွာတွင်အဓိကဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ဝန်ထမ်း၊ တိရစ္ဆာန်မွေးမြူးခြင်း၊ ကားမောင်း ၊ပြည်တွင်း၊ပြည်ပသို့ သွားရောက် လုပ်ကိုင်ခြင်း၊ တောင်သူနေ့စား၊ ဈေးရောင်းနှင့် ပန်းရံလုပ်ငန်းများ နှင့် အများစုမှာကြုံရာကျပန်း လုပ်ငန်းများကို လုပ်ကိုင်ကြပါသည် ကိုလေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား(၃)လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ် ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူစသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁)လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂)နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ရောင်ခြည်ဦးကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စား လုပ်အားခမှာ အမျိုးသားများအတွက်အများဆုံးလုပ်အားခ(၇၀၀၀ိ/-)နှင့် အမျိုးသမီးများ အတွက် လုပ်အားခမှာ(၅၀၀၀ိ/-)နှင့်အနည်းဆုံးခလုပ်အားခမှာအမျိုးသား(၅၀၀၀ိ/-)နှင့် အမျိုးသမီး (၃၀၀၀ိ/-)၊ပန်းရံ၊လက်သမားများ၏ဆရာအဆင့်လုပ်အားခမှာတစ်နေ့(၇၀၀၀ိ/-)ကျပ် နောက်လိုက် အဆင့် မှာ(၆၀၀၀/-)ရရှိနိုင်ကြသည်။အမျိုးသမီးများမှာအများဆုံး(၆၀၀၀ိ/-)နှင့်အနည်းဆုံး(၅၀၀၀ိ/) ရရှိကြပါသည်။နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အား သဘာဝနှင့် အင်အားစိုက်ထုတ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများ ထက် လုပ်အားခလျော့နည်းပြီးရကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၄)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ယာမြေ/တောင်ယာမြေ | ၂၂၄ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၆ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၂၃၀ | ☒ |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊(၄)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့်သီးစားခံယူ လုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ရောင်ခြည်ဦးကျေးရွာတွင် ယာမြေ၊တောင်ယာမြေ နှင့် ဥယျာဉ်ခြံမြေ စုစုပေါင်း(၂၃၀)ဧကရှိပါသည်။ ယာမြေများမှာမိုးရေကို အဓိကထား၍စိုက်ပျိုးကြပါသည်။ ပင်လယ်ကမ်း ၊ မြစ်ကမ်းဘေးကျေးရွာ မဟုတ်သောကြောင့် ကိုင်း၊ ကျွန်း၊ ဓနိတော မြေများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈-၂)ခေတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခေတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီး ပတ်ဝန်းကျင် တွင်သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ် ကအခြေအနေ (မှန်ရာတစ်ခုကို သာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ခေတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| ကျောက်၊သဲ၊ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ☐ | လျော့☑ တိုး☐ အပြောင်းအလဲမရှိ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☑ နည်း☐ မရှိ☐ | ☒ | လျော့☐ တိုး☑ အပြောင်းအလဲမရှိ☐ |
| ရေ-မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း) | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ☐ | လျော့☑ တိုး☐ အပြောင်းအလဲမရှိ☐ |
| ရေ-မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက် တူးတွင်း) | များ☐ သင့်☑ နည်း☐ မရှိ☐ | လွယ်☑ခက်☐ အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☑ |
| သစ်တော-အပူပိုင်းသစ်တော | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ☐ | လျော့☑ တိုး☐ အပြောင်းအလဲမရှိ☐ |
| သစ်တော-ဒီရေတောများ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ရောင်ခြည်ဦးကျေးရွာအနီးပတ်ဝန်းကျင်တွင် နွားစားဆေးဖက်ဝင်အဖြစ် မြေပဲရိုး၊ ပြောင်းရိုး၊ ရှားစောင်းလပတ်၊ နွယ်ချို၊ ဆင်တုန်းမနွယ် အပင်များသာ အတော်အသင့် ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ)ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း(သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား(ဝင်ငွေ) အလွန်ကောင် | စီးပွား(ဝင်ငွေ) အသင့်အတင့် | စီးပွား(ဝင်ငွေ) နည်း | စီးပွား(ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၆ | ၇၅ | ၃၉ | ၁ |

ရင်းမြစ်...(၁)ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ရောင်ခြည်ဦးကျေးရွာသည် စိုက်ပျိုးရေးလုပ်ကိုင်ခြင်းကို အဓိကထား အသက်မွေးကြသော ကျေးရွာဖြစ်ပြီး အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ ပြည်တွင်း၊ပြည်ပသို့သွားရောက်လုပ်ကိုင်ခြင်းနှင့် တောင်သူလယ်သမားကြီးများ ဖြစ်ပါသည်။ မပြေလည်သော အိမ်ထောင်စုများလည်းမြေကေအနည်းငယ်ရှိသူများ နှင့်မြေယာမဲ့များ ဖြစ်သည်။၎င်းအိမ်ထောင်စုများလည်း တောင်သူကူလီများနှင့် ကြာပန်းလုပ်ကိုင်သူများ ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁)ဝမ်းစာဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်း စာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ---------------<br>အစာလျှော့စား = ---------------<br>အထောက်အပံ့ယူ = ---------------<br>ချေးယူ = ---------------<br>လုပ်အားခကြိုယူ = --------------- |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ---------------<br>အစာလျှော့စား = ---------------<br>အထောက်အပံ့ယူ = ---------------<br>ချေးယူ = ---------------<br>လုပ်အားခကြိုယူ = --------------- |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ---------------<br>အစာလျှော့စား = ---------------<br>အထောက်အပံ့ယူ = ---------------<br>ချေးယူ = ---------------<br>လုပ်အားခကြိုယူ = --------------- |

ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ -

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ် နှင့်အထက် | - | ၃ | ၃ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရောင်ခြည်ဦးကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုး ၆၄ နှစ်အထက် မ(၃)ဦး၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု(၁)စု ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖိုဦးဆောင် အိမ်ထောင်စု(၁)စုရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၉)ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု အခြေအနေ(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | | | စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | | | | |
| ၃ | မုန်တိုင်းဒီရေ | | | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | လျှော် | | | | | | |
| ၈ | အပူလှိုင်း | √ | | | √ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | √ | | | √ | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်းခြင်း | | √ | | √ | | |
| ၁၃ | တောမီးလောင်းခြင်း | √ | | | √ | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | | | | | |
| ၁၈ | သဘာဝရင်းမြစ်ရှားပါးမှု | | √ | | √ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု အခြေအနေ(မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | (မြေ၊ရေ) | | | | | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | √ | | | √ | | |
| ၂၁ | ငှက်ဖျားရောဂါ | | | | | | |
| ၂၂ | တီဘီရောဂါ | √ | | | √ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | | | | | |
| ၂၄ | ကပ်ရောဂါ | | | | | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျဆင်းမှု | √ | | | √ | | |
| ၂၇ | လူကုန်ကူးခြင်း | | | | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည့် | | | | | | |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊**အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။**

